မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်
Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F __ Volume 13 / Issue 3 / February / 2020*




ဆာလံကျမ်း၊ ၁၂၈း၁–၆

ထာဝရဘုရားကို ကြောက်ရွံ့၍၊ လမ်းခရီးတော်သို့ လိုက်သွားသမျှသော သူတို့သည်
မင်္ဂလာရှိကြ၏။

ထိုသို့ပြုလျှင် သင်သည် မိမိလက်နှင့် လုပ်ဆောင်၍ရသော အစာကိုစားရလိမ့်မည်။
မင်္ဂလာရှိ၍ ကောင်းစားရလိမ့်မည်။

သင်၏မယားသည် သင့်အိမ်နားမှာ များစွာအသီး သီးသော စပျစ်နွယ်ပင် ကဲ့သို့၎င်း၊
သားသမီးတို့သည် သင့်စားပွဲပတ်လည်၌ စိုက်ပျိုးသောသံလွင်ပင်များ ကဲ့သို့၎င်း ဖြစ်ကြလိမ့်မည်။

ထာဝရဘုရားကို ကြောက်ရွံ့သောသူသည် ထိုသို့သော မင်္ဂလာရှိရလိမ့်မည်။

ထာဝရဘုရားသည် ဇိအုန်တောင်ပေါ်က ကောင်းကြီးပေးတော်မူ၍၊
ယေရုရှလင်မြို့ ခံရကောင်းကျိုးကို တသက်လုံးမြင် ရလိမ့်မည်။
မိမိသားသမီးတို့၌ ဖွားမြင်သော သားသမီး တို့ကိုလည်း မြင်ရလိမ့်မည်။
ဣသရေလအမျိုး၌ ငြိမ်ဝပ်ခြင်း ရှိပါစေသော။

## *February Event and Announcements*

**February 2020**

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |

*2- 02-2020 … Holy Communion*
*2-09-2020 … Regular Service*
*2- 16-2020 … Luna New Year Celebration*
*2-23-2020 … Regular Service*

*BCF Retreat*

*B.C.F official Board Members Retreat and 2020, Yearly Plan*
*Date … 2/08/2020, Saturday 9:00 am – 4:00 PM*
*Place …BCF Fellowship Hall.*

*2020, B.C.F official Board Members please bring Committee Annual Reports and 2020 plan proposals. * Note: please attend without fail. **

*Christian Education Committee meeting*

*Date …. Saturday, February 22,2020*
*Time …. 10:00 am-12:00 noon*
*Place …. Ko Myat Din Resident:*
*1018 Ahern Dr. La Ponte, CA 91746*

*B.C.F Worship time*
*Sunday Service … 2:00PM*
*Children Sunday School … 2:15 PM*
*BCF Youth … 2:15 PM*

*B.C.F Worship Place*
*1337 Farmstead Ave.*
*La Puente, CA 91745*

*Prayer Meeting*
*Every Saturday, 2:00 PM*

*Bible Study*
*Sunday 1:00-2:00 PM*

## Name and Position of B.C.F. official board members for the year 2018

- *Senior Pastor --- Rev. Henry Ang*
- *Associate Pastor --- Rev. Saw Livingstone Zan*
- *Pastoral Staff --- Sayama Hsimu Shein*
- *Prayer Meeting Leader --- Rev. Henry Ang*
- *Interpreter --- Rev. Martin Nyun*

- *President --- Shian Ma*
  *Vice President --- U Kyi Shinn*

- *Secretary --- Emily Ang*
  *Joint Secretary --- YiYi Aye*

- *Treasurer --- San San Min*
  *Joint Treasurer --- Thin Thin*

- ***Trustee & Finance Committee***
  *Chaiperson --- U Kyi Shinn*

- ***Mission & Evangelism Committee***
  *Chairperson --- Daw Paw Wah*
  *Joint 〃 --- Shian Ma*
  *Member --- YiYi Aye*

- ***Worship & Music Committee***
  *Chaiperson --- John Ma*
  *Joint 〃 --- Irene Wang*
  *Member --- Kyaw Kyaw Thein*

- ***Christian Education Committee***
  *Chaiperson --- Mon Mon Soe*
  *Joint 〃 --- Fiona Ang*
  *Consultant --- Ms. Joy Ang*

- ***Social & Recreation Committee***
  *Chairperson --- Alice Ang*
  *Joint 〃 --- Thin Thin*
  *Members --- San San Tin, San San Min and Mon Mon Soe*

- ***Building Committee***
  *Consultant --- Andrew Chaung*
  *President --- Kyaw Kyaw Thein*
  *Joint 〃 --- Emily Tin,*
  *Members --- Julius Lim, David Ang and Nyi Nyi Wintin*

- ***Christian Literature***
  *Editor --- YiYi Aye*
  *Joint 〃 --- John Ma*

- *Choir Director --- Sayama Hsimu Shein*
- *Assistant Choir Director --- Pearl Tiu*
- *Auditor --- Ma Sanda*
- *Pianist --- Patricia Aungand Bryan Tui*
- *Finance Adviser --- Shu Tan*

## Name and Position of B.C.F. Youth for the year 2018

- *Advisers --- Rev. Saw Livingstone Zan*
  *Shian Ma*
- *President --- Simon Nyun*
- *Secretary --- Soe Moe Lwin*
- *Treasurer --- Kendrick Lim*
- *Members --- Esther Nyun, Soe Myat Mon,*
  *Yumi Mintin, Shwe Thuza Htun*
  *and Jousha Lim*

*BCF Theme Bible Verses for the year 2020 … Psalm 128:1*

*"Blessed are all who fear the LORD,*
*who walk in obedience to him."*

# မင်္ဂလာရှိသောသူ

# True Happiness and Joy finding God's will

ချစ်သောမိတ်ဆွေ ...

သင်သည် အဘဘုရားသခင်ထံတော်ပါးမှ ကောင်းကြီးခံစားရပြီး၊
မင်္ဂလာအပေါင်းနှင့်ပြည့်စုံ၍ ပျော်ရွှင်ဝမ်းမြောက်သောသူ ဖြစ်ရန် ...
အောက်ဖေါ်ပြပါ နှုတ်ကပတ်တော်အတိုင်း လိုက်လျှောက်ကြပါစို့။

**ဆာလံကျမ်း၊၁၂၈း၁–၂။ ။ ထာဝရဘုရားကို ကြောက်ရွံ့၍၊ လမ်းခရီးတော်သို့ လိုက်သွားသမျှသောသူတို့သည် မင်္ဂလာ ရှိကြ၏။ ထိုသို့ပြုလျှင် သင်သည် မိမိလက်နှင့် လုပ်ဆောင်၍ ရသောအစာကိုစားရလိမ့်မည်။ မင်္ဂလာ ရှိ၍ ကောင်းစားရလိမ့်မည်။**

**သုတ္တံကျမ်း၊၂၈း၁၄။ ။ ထာဝရဘုရားကို အစဉ်မပြတ်ကြောက်ရွံ့သောသူသည် မင်္ဂလာရှိ၏။**

** အချုပ်အခြာ စကားဟူမူကား ဘုရားသခင်ကိုကြောက်ရွံ့၍၊ ပညတ်တော်တို့ကိုစောင့်ရှောက်လော့။ ** ဒေသနာကျမ်း၊၁၂း၁၃။

ဆာလံကျမ်း၊၁၁၅း၁၁–၁၂။ ။ ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့ ထိုဘုရားကိုကိုးစားကြလော့။ ထာဝရဘုရားသည် ထိုသို့သောသူတို့ကို မစသောသူ၊ ကွယ်ကာသောသူဖြစ်တော်မူ၏။ ထာဝရဘုရားသည် ငါတို့ကို အောက်မေ့တော်မူ၏။ ကောင်းကြီးပေးတော်မူမည်။

**သုတ္တံကျမ်း၊၁၆း၂၀။ ။ ပညာနှင့်အမှုစောင့်သောသူသည် အကျိုးကို ရလိမ့်မည်။
ထာဝရဘုရားကို ခိုလှုံသောသူသည် လည်း မင်္ဂလာရှိ၏။**

** ထာဝရဘုရားကို ခိုလှုံသောသူတို့သည် မတုန်မလှုပ်၊ အစဉ်အမြဲတည်သော ဇိအုန်တောင်ကဲ့သို့ ဖြစ်ကြ၏။ တောင်ရိုးတို့သည် ယေရုရှလင်မြို့ကို ဝန်းရံသကဲ့သို့၊ ထာဝရဘုရားသည် မိမိလူတို့ကို ယခုမှစ၍ ကာလအစဉ်မပြတ် ဝန်းရံတော်မူ၏။** ဆာလံကျမ်း၊၁၂၅း၁–၂။

**သုတ္တံကျမ်း၊၁၄း၂၁။ ။ ဆင်းရဲသောသူကို သနားသောသူမူကား၊ မင်္ဂလာရှိ၏။**

** လူသားသည်မိမိဘုန်းအာနုဘော်ကိုဆောင်လျက်၊ သန့်ရှင်းသော ကောင်းကင်တမန်များအခြံအရံတို့နှင့်တကွ ကြွလာတော်မူသောအခါ ဘုန်းရှိသော ပလ္လင်တော်ပေါ်မှာထိုင်၍၊ ရှေ့တော်၌လူမျိုးအပေါင်း တို့ကိုစုဝေးစေသဖြင့်၊ သိုးထိန်းသည် သိုးနှင့်ဆိတ်တို့ကို တခြားစီခွဲထားသကဲ့သို့၊ သိုးတို့ကိုလက်ျာတော် ဘက်၊ ဆိတ်တို့ကို လက်ဝဲတော်ဘက်၌ ထားတော်မူလတ့ံ။**

ထိုအခါ လက်ျာတော်ဘက်၌ ရှိသောသူတို့အား မင်းကြီးက၊ ငါ့ခမည်းတော်ထံ ကောင်းကြီးမင်္ဂလာကို ခံသောသူတို့၊ ကမ္ဘာဦးကပင် သင်တို့အဘို့ ပြင်ဆင်သောနိုင်ငံကို လာ၍ အမွေခံကြလော့။

အကြောင်းမူကား၊
- ❖ ငါသည် မွတ်သိပ်သောအခါ သင်တို့သည် ကျွေးကြ၏။
- ❖ ငါသည် ရေငတ်သောအခါ သင်တို့သည် သောက်ဘို့ပေးကြ၏။
- ❖ ငါသည် ဧည့်သည်ဖြစ်သောအခါ သင်တို့သည် ဧည့်သည်ဝတ်ကိုပြုကြ၏။
- ❖ ငါသည်အဝတ်အချည်းစည်းရှိသောအခါ သင်တို့သည် အဝတ်နှင့်ဖုံးလွှမ်းကြ၏။
- ❖ ငါသည်အနာရောဂါစွဲသောအခါ သင်တို့သည်ကြည့်ရှုပြုစုကြ၏။
- ❖ ငါသည် ထောင်ထဲမှာနေရသောအခါ သင်တို့သည် ငါ့ထံသို့လာကြ၏ = =

ဟုမိန့်တော်မူလျှင်၊ ...

ဖြောင့်မတ်သောသူတို့က၊ သခင်၊ ကိုယ်တော်သည် ...

- မွတ်သိပ်တော်မူသည်ကို အဘယ် အခါ၌ အကျွန်ုပ်တို့သည် မြင်၍ ကိုယ်တော်ကို လုပ်ကျွေးပါသနည်း။
- ရေငတ်တော်မူသည်ကို အဘယ်အခါ၌ အကျွန်ုပ်တိုသည် မြင်၍ ကိုယ်တော်ကို သောက်ဘို့ပေးပါသနည်း။
- ဧည့်သည်ဖြစ်တော်မူသည်ကို အဘယ်အခါ၌ အကျွန်ုပ်တို့သည် မြင်၍ ဧည့်သည်ဝတ်ကို ကိုယ်တော်အားပြုပါ သနည်း။
- အဝတ်အချည်းစည်းရှိတော်မူသည်ကို အဘယ်အခါ၌ အကျွန်ုပ်တို့သည်မြင်၍ ကိုယ်တော်ကို အဝတ်နှင့် ဖုံးလွှမ်းပါသနည်း။
- အနာစွဲတော်မူသည်ကိုဎင်း၊ ထောင်ထဲမှာ နေတော်မူသည်ကိုဎင်း၊ အဘယ်အခါ၌ အကျွန်ုပ်တို့သည် မြင်၍ အထံတော်သို့ရောက်ပါသ နည်း = = ဟုပြန်၍ လျှောက်ကြသော်၊ ...

မင်းကြီးက၊ ငါအမှန်ဆို သည်ကား၊ သင်တို့သည် ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသောသူတယောက်အား ပြုကြသမျှတို့ကို ငါ့အားပြုကြပြီဟု ပြန်၍ မိန့်တော်မူလတ့ံ။

ထိုအခါ လက်ဝဲတော်ဘက်၌ ရှိသောသူတို့အားမင်းကြီးက၊ ကျိန်ခြင်းကိုခံရသောသူတို့၊ မာရ်နတ်နှင့်သူ၏ တမန်တို့အဘို့ပြင်ဆင်သော ထာဝရမီးထဲသို့ ငါ့ထံမှခွါသွားကြလော့။

အကြောင်းမူကား၊
- ■ ငါသည် မွတ်သိပ်သောအခါ သင်တို့သည်မကျွေး။
- ■ ငါသည် ရေငတ်သောအခါ သင်တို့သည် သောက်ဘို့မပေး။
- ■ ငါသည် ဧည့်သည်ဖြစ်သောအခါ သင်တို့သည် ဧည့်သည်ဝတ်ကိုမပြု။
- ■ ငါသည် အဝတ်အချည်းစည်းရှိသော အခါ သင်တို့သည်အဝတ်နှင့်မဖုံးမလွှမ်း။
- ■ ငါသည် အနာရောဂါစွဲသောအခါ၌ဎင်း၊ ထောင်ထဲမှာနေရသော အခါ၌ဎင်း၊ သင်တို့သည်

မကြည့်ရှုမပြုစုကြဟု မိန့်တော်မူလျှင်၊ ... ...

ထိုသူတို့က၊ သခင်၊ ကိုယ်တော်သည် မွတ်သိပ်တော်မူခြင်း၊ .. ရေငတ်တော်မူခြင်း၊ .. ဧည့်သည်ဖြစ်တော်မူခြင်း၊ .. အဝတ်အချည်းစည်းရှိတော်မူခြင်း၊ .. အနာစွဲတော်မူခြင်း၊ .. ထောင်ထဲမှာနေတော်မူခြင်း .. တို့ကို အကျွန်ုပ်တို့သည် အဘယ်အခါ၌မြင်၍ ကိုယ်တော်ကို မပြုမစုမလုပ်ကျွေးဘဲနေပါသနည်းဟု ပြန်၍လျှောက်ကြသော်၊ ... ...

မင်းကြီးက၊ ငါအမှန်ဆိုသည်ကား၊ ...

သင်တို့တွင် ဤသူတို့တွင် အငယ်ဆုံးသောသူတယောက်အား မပြုသမျှတို့ကို ငါ့အား မပြုကြပြီဟု ပြန်၍ မိန့်တော်မူလတံ့။

ထိုသူတို့သည် ထာဝရအပြစ်ဒဏ်ကို ခံရာသို့၎င်း၊
ဖြောင့်မတ်သောသူတို့မူကား၊ ထာဝရအသက်ရှင်ရာသို့၎င်း၊ .. သွားရကြလတံ့။ **

ဟုမိန့်တော်မူ၏။ မဿဲ ၂၅း၃၁–၄၆။

ချစ်သောမိတ်ဆွေ ...

သင်သည် နှုတ်ကပတ်အတိုင်း လိုက်၍ အကျင့်အားဖြင့် လုပ်ဆောင်ပြုမူနေပါက
ပျော်ရွှင်ခြင်း ရှိနေမည်ဟု ယုံကြည်ပါ၏။

အကြောင်းမူကား၊

ခပ်သိမ်းသောသူတို့သည်နားကြားခြင်းငှါလျင်မြန်ကြစေ။
စကားပြော ခြင်းငှါ၎င်း၊ အမျက်ထွက်ခြင်းငှါ၎င်းနှေးကြစေ။
လူ၏ဒေါသအမျက်သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားကို မပြုစုတတ်။

ထိုကြောင့်၊ ခပ်သိမ်းသောညစ်ညူးခြင်း၊ မနာလိုသောစိတ်လွန်ကျူး ခြင်းကို ပယ်ရှား၍၊ သင်တို့စိတ်ဝိညာဉ်ကို ကယ်တင်နိုင်သောအထဲ၌ စိုက်ပျိုးသော နှုတ်ကပတ်တရားကို နူးညံ့သိမ်မွေ့သောစိတ်နှင့် ခံယူကြလော့။

ကိုယ်ကိုကိုယ် လှည့်ဖြား၍၊ နှုတ်ကပတ်တရားကို နာရုံမျှသာ ပြုသောသူ မဟုတ်၊ တရားကိုကျင့်သော သူဖြစ်ကြလော့။

တရားကိုမကျင့်ဘဲနာရုံမျှသာပြုသောသူမည် သည်ကား၊ မှန်၌မိမိပကတိမျက်နှာကို ကြည့်သောသူနှင့်တူ၏။

အကြောင်းမူကား၊

ကိုယ်ကိုကိုယ်ကြည့်ပြီးမှ၊ အခြားသို့သွား၍ မိမိအဆင်းသဏ္ဌာန်ကိုချက်ခြင်း မေ့လျော့တတ်၏။

လွတ်ခြင်းနှင့်စပ်ဆိုင်၍ စုံလင်သော တရား၌ စေ့စေ့ကြည့်ရှု၍ တည်ကြည်သောသူမူကား၊ တရားနာ၍ မေ့လျော့သောသူမဟုတ်၊ အကျင့်ကျင့် သောသူဖြစ်သဖြင့်၊ မိမိကျင့်သောအကျင့်၌ မင်္ဂလာရှိသော သူဖြစ်၏။

** မင်္ဂလာအပေါင်းနှင့်ပြည့်စုံသောသူများဖြစ်ကြပါစေ။ **

## သင်၏ဘုရားသခင် ထာဝရဘုရား၏ စကားတော်ကို နားထောင်လျှက်၊ သင့်အပေါ်မှာ သက်ရောက်စေမည့် ကောင်းကြီးမင်္ဂလာများ ဟူမူကား။

၁။ သင်သည်မြို့၌ မင်္ဂလာ ရှိလိမ့်မည်။ တော၌ မင်္ဂလာ ရှိလိမ့်မည်။

၂။ သားသမီးအားဖြင့်၎င်း၊ မြေအသီးအနှံအားဖြင့်၎င်း၊ တိရစ္ဆာန်ဘွားသော သားငယ်အားဖြင့်၎င်း၊ သိုးနွားအစီးအပွားအားဖြင့်၎င်း မင်္ဂလာရှိလိမ့်မည်။

၃။ ခြင်းတောင်း၌၎င်း၊ မုန့်နယ်သော ခွက်၌၎င်း မင်္ဂလာရှိလိမ့်မည်။

၄။ မိမိအိမ်ထဲသို့ဝင်သောအခါ မင်္ဂလာရှိလိမ့်မည်။ ပြင်သို့ထွက်သောအခါ မင်္ဂလာရှိလိမ့်မည်။

၅။ သင့်တဘက်၌ ထသောရန်သူ တို့ကို သင့်မျက်မှောက်၌ ထာဝရဘုရားသည် ဒဏ်ခံစေတော်မူမည်။ သူတို့သည် တလမ်းတည်းဖြင့် သင်ရှိရာသို့ လာသော်လည်း၊ လမ်းခုနစ်သွယ်ဖြင့် သင့်ရှေ့မှ ပြေးကြလိမ့်မည်။

၆။ သင်၏ ဘဏ္ဍာတိုက်၌၎င်း၊ သင်ပြုလေရာရာ၌၎င်း၊ ထာဝရဘုရားသည် သင့်အပေါ်မှာ မင်္ဂလာရောက်စေခြင်းငှာ မိန့်တော်မူမည်။ သင်၏ဘုရားသခင်ထာဝရဘုရား ပေးတော်မူသောပြည်၌ သင့်ကို ကောင်းကြီး မင်္ဂလာပေးတော်မူမည်။

၇ ။ သင်သည် သင်၏ ဘုရားသခင်ထာဝရဘုရား ၏ပညတ်တော်တို့ကိုစောင့်၍ လမ်းတော်သို့လိုက်လျှင်၊ ထာဝရဘုရား ကျိန်ဆိုသည်အတိုင်း၊ သင့်ကို ကိုယ်တော် အဘို့သန့်ရှင်းသော အမျိုးအစဉ်အမြဲ ဖြစ်စေတော်မူမည်။

၈ ။ သင်သည် ထာဝရဘုရား၏ နာမတော်ဖြင့် ခေါ်ဝေါ်သမုတ်ခြင်းကို ခံရသည်ဟု လူမျိုးခပ်သိမ်းတို့သည် သိမြင်၍ သင့်ကိုကြောက်ရွံ့ကြလိမ့်မည်။

၉ ။ ထာဝရဘုရားသည် သင့်အား ပေးခြင်းငှာ ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသော ပြည်၌ ဥစ္စာပစ္စည်း၊ သားသမီး၊ တိရစ္ဆာန် အတိုးအပွား၊ မြေအသီးအနှံများကို ကြွယ်ဝစေတော်မူမည်။

၁၀။ထာဝရဘုရားသည် အချိန်တန်မှ သင်၏ပြည်၌ မိုဃ်းရွာစေခြင်းငှာ၎င်း၊ သင်ပြုလေရာရာ၌ ကောင်းကြီးပေးခြင်းငှာ၎င်း၊ ဘဏ္ဍာတော်တိုက် တည်းဟူသော မိုဃ်းကောင်းကင်ကို ဖွင့်တော်မူမည်။ သင်သည် လူမျိုးများတို့ အားချေးငှားရသော အခွင့်ရှိလိမ့်မည်။ သူတို့သည် သင့်အား ချေးငှားရသောအခွင့် မရှိရ။ ထာဝရဘုရားသည် သင့်ကိုအမြီးမဖြစ်စေဘဲ ခေါင်းဖြစ်စေတော်မူသဖြင့်၊ သင်သည် အောက်၌ မနေရဘဲ အပေါ်၌သာ နေရသောအခွင့် ရှိလိမ့်မည် ။

ယနေ့ငါဆင့်ဆိုသော၊ သင်၏ဘုရားသခင် ထာဝရဘုရား၏ ပညတ်တော် တို့ကို ကျင့်စောင့်ခြင်းငှာ နားထောင်လျှင်၎င်း၊ ယနေ့ငါဆင့်ဆိုသော စကားတော်လမ်းမှထွက်၍ လက်ျာဘက်၊ လက်ဝဲဘက်သို့မလွှဲ၊ အခြားတပါးသော ဘုရားနောက်သို့လိုက်၍ ဝတ်မပြုဘဲနေလျှင်၎င်း၊ ထိုသို့သောကျေးဇူးတော်ကို ခံရလိမ့်မည်။

**** မောရှေအားဖြင့် ထာဝရဘုရား မိန့်တော်မူသော နှုတ်ကပတ်စကားတော် ****

တရားဟောရာကျမ်း၊၂၈း၁–၁၄။

# မင်္ဂလာရှိသောသူနှင့်စပ်ဆိုင်သောသမ္မာကျမ်းချက်

ရှင်ယာကုပ်သြဝါဒစာ၁း၂၅။
လွတ်ခြင်းနှင့်စပ်ဆိုင်၍ စုံလင်သော တရား၌ စေ့စေ့ကြည့်ရှု၍ တည်ကြည်သောသူမူကား၊
တရားနာ၍ မေ့လျော့သောသူမဟုတ်၊ အကျင့်ကျင့် သောသူဖြစ်သဖြင့်၊
မိမိကျင့်သော အကျင့်၌ မင်္ဂလာရှိသော သူဖြစ်၏။

ရှင်ယာကုပ်သြဝါဒစာ၁း၁၂။
စုံစမ်းနှောင့်ရှက်ခြင်းကိုသည်းခံသောသူသည် မင်္ဂလာရှိ၏။
အကြောင်းမူကား၊ စစ်ကြောစုံစမ်းခြင်းကို ခံပြီးမှ သခင်ဘုရားကို ချစ်သောသူတို့အား
ဂတိထားတော်မူသော အသက်သရဖူကိုရလိမ့်မည်။

ဗျာဒိတ်ကျမ်း၁း၃။
ကာလအချိန်ရောက်လုနီးပြီးဖြစ်၍၊ ဤအနာဂတ္တိကျမ်းစကား ကိုကြည့်ရှု
ဘတ်ရွတ်နားထောင်၍၊ ရေးထားသမျှ တို့ကိုစောင့်ရှောက်သောသူတို့သည်
မင်္ဂလာရှိကြ၏။

ဆာလံ ၊ ၃၂း၁–၂။
အပြစ်မှလွတ်ခြင်း ဒုစရိုက်အပြစ်ကိုဖုံးအုပ်ခြင်းသို့ ရောက်သောသူသည်မင်္ဂလာရှိ၏။
ထာဝရဘုရား အပြစ်တင်တော်မူခြင်းနှင့် လွတ်၍လှည့်စားတတ်သော
စိတ်သဘောထားနှင့် ကင်းစင်သောသူသည် မင်္ဂလာရှိ၏။

ဆာလံ ၊ ၁း၁–၂။
မတရားသောသူတို့၏ တိုက်တွန်းခြင်းသို့ မလိုက်။
လူဆိုးတို့၏ လမ်းတွင်မရပ်မနေ၊ မထီမဲ့မြင် ပြုသောသူတို့၏ အစည်းအဝေး၌ မထိုင်၊
ထာဝရဘုရား၏ တရားတော်၌ မွေ့လျော်၍ တရားတော်ကို နေ့ညဉ့်မပြတ်ဆင်ခြင်
အောက်မေ့သောသူသည် မင်္ဂလာရှိ၏။

ဆာလံ ၊ ၁၄၆း၅။
မိမိဘုရားသခင် ထာဝရဘုရားကို မြော်လင့်သော သူသည် မင်္ဂလာရှိ၏။

ရှင်လုကာ၁၁း၂၈။
ကိုယ်တော်က၊ ဘုရားသခင်၏ နှုတ်ကပတ် တရားတော်ကိုနာ၍ ကျင့်စောင့်သော သူသည်
မြတ်စွာသော မင်္ဂလာရှိသည် ဟု မိန့်တော်မူ၏။

# Bible verses about being blessed

James 1:25.
But if you look carefully into the perfect law that sets you free, and if you do what it says and don't forget what you heard, then God will bless you for doing it.

James 1:12.
Blessed is the man that endureth temptation: for when he is tried, he shall receive the crown of life, which the Lord hath promised to them that love him.

Revelation 1:3.
Blessed is the one who reads aloud the words of this prophecy, and blessed are those who hear it and take to heart what is written in it, because the time is near.

Psalm 32:1-2
How blessed is the one whose transgression is forgiven, whose sin is covered. How blessed is the person against whom the Lord does not charge iniquity, and in whose spirit there is no deceit.

Psalm 1:1-2.
Blessed is the man who walks not in the counsel of the wicked, nor stands in the way of sinners, nor sits in the seat of scoffers; "But his delight is in the law of the LORD, And in His law he meditates day and night.

Psalm 146:5.
How blessed is he whose help is the God of Jacob, Whose hope is in the LORD his God.

Luke 11:28.
Jesus replied, "But even more blessed are all who hear the word of God and put it into practice."